# မြန်မာအစိုးရတပ်မတော် နှင့် ပန်းဆေးပြည်သူစစ်တပ်ဖွဲ့မှ တအာင်းဒေသရှိ လူ့အခွင့်အရေး ချိုးဖောက်မှုအပေါ် တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့၊ တအာင်းအမျိုးသမီးအဖွဲ့အစည်း၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ။ဇန်နဂါရီလ( ၅) ရက်၂၀၁၆ ခုနှစ်။

၁။ အစိုးရတပ်မတော် တပ်ရင်း (၃၂၄) နှင့် ပန်းဆေးဌာနေပြည်သူစစ်တပ်ဖွဲ့တို့ ပူးပေါင်းအဖွဲ့မှ ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နယ်၊ မန်ပူးကျေးရွာအုပ်စု၊ စေကောင်းကျေးရွာကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၃ ရက် နံနက်( ၁၀း၀၀) နာရီကျော်တွင် လက်နက်ကြီးဖြင့် ပတ်ခတ်ပြီး ကျေးရွာထဲဝင်ရောက်၍ စေကောင်းရွာသူ၊ ရွာသားများအား လူသားမဆန်စွာ ကြိုးတုတ်ဖမ်းဆီးပြီး မောက်အိပ်ခိုင်းကာ တုတ်၊ သေနတ်ဒင်ဖြင့် ရိုက်နက်ညဥ်းပမ်းနှိပ်စက်ခဲ့သည်။

၂။ ထိုအဖွဲ့သည် နမ့်ခမ်းမြို့နယ် မန်ပူးကျေးရွာအုပ်စုမှ စေကောင်းကျေးရွာ၊ မန့်ပန်ကျေးရွာ၊ မန်ပူးကျေးရွာ၊ ပန်ယုတ်ကျေးရွာနေ ရွာသူ၊ ရွာသားများ နှင့် ပန်ယုတ်ရွာကို ရောက်ရှိနေသော မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်နေ ဦးမိုင်းမြတ်အောင် တစ်ဦးအပါအဝင် စုစုပေါင်း အပြစ်မဲ့ ရွာသူ၊ ရွာသားများ ၈၁ ဦးကို ဖမ်းဆီးထားသည့်အနက် ( ၁၁ ) ဦးကို ရိုက်နက်ညှဥ်းပမ်းနှိပ်စက်ခဲ့သည်။

၃။ စေကောင်းကျေးရွာရှိ အဆောက်အဦး နှင့် ရွာသူ၊ရွာသားများ၏ အိုးအိမ်များကို ရွာသားများ၏ ခွင့်ပြုချက်မရပဲ အတင်းအဓမ္မ ရိုက်ချိုးဖျက်ဆီးပြီး အိုးအိမ် ပစ္စည်းများ၊ အစားအသောက်များ၊ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများ ကာလတန်ဖိုး ကျပ်သိန်း (၃၀၀) ကျော်ခန့် နှင့် တရုတ်ယွမ်ငွေ နှစ်သောင်းလေးထောင် (၂၄၀၀၀)ယွမ်ကို အတင်းအဓမ္မသိမ်းယူ လုယက်ခဲ့ပါသည်။

၄။ငြိမ်းချမ်းရေးကို အမှန်တကယ်ပင် လိုလားအပ်ကြောင်း သမ္မတ ဦးသိန်းစိန်နှင့် ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်တို့မှ မြန်မာသိ၊ ကမ္ဘာသိကြွေးကျော်နေချိန်ဖြစ်သော်လည်း တနိုင်ငံလုံးငြိမ်းချမ်းစေရန်အလို့ငှာ ပြည်ထောင်စုအစိုးရမှ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ရရှိရေးအတွက် အချိန် အကြာကြီး ကြိုးပမ်းလာခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အချို့မှသည် လက်မှတ်ရေးထိုးကာ နိုင်ငံရေးမူဘောင်ရေးဆွဲခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲကျင်းပခြင်းများ ပြုလုပ်တော့မည့်အချိန်တွင် ယခုကဲ့သို့ တိုင်းရင်းသားဒေသမှ ရွာသူ၊ ရွာသားများကို ခြိမ်းခြောက်ခြင်း၊ မတရားဖမ်းဆီး ညှဥ်းပမ်း နှိပ်စက်ခြင်း၊ အိုးအိမ် ပစ္စည်းများဖျက်ဆီးခြင်း နှင့် လုယက်ခြင်းများပြုလုပ်နေခြင်းသည် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ရှိ အပိုဒ် (၅) နှင့် အပိုဒ်(၉) များကို ချိုးဖောက်သည့်အပြင် ငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် အဟန့်အတားတစ်ခုဖြစ်ပြီး ပြည်သူ လူထုများ အယုံအကြည်ကင်းမဲ့စေသောကြောင့် မိမိတို့ တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့ TSYU နှင့် တအာင်းအမျိုးသမီးအဖွဲ့အစည်းTWO မှ ပြင်းထန်စွာကန့်ကွက်ရှုံ့ချသည်။

၅။ လက်နက်ကိုင်အဖွဲ့အစည်းနှစ်ဖွဲ့အကြား သဘောထားမသက်ဆိုင်သဖြင့် တိုက်ခိုက်နေခြင်းသည် သဘောထား မသက်ဆိုင်၍ တိုက်ခိုက်နေသာဖြစ်ကြောင်းဟု နားလည်နိုင်သော်လည်း အပြစ်မဲ့ပြည်သူလူထုကို ပစ်မှတ်

ထားပြီး စစ်ပွဲ၏တန်ဆာခံအဖြစ် အသုံးပြုနေခြင်း၊ ပြည်သူများ၏ လွတ်လပ်မှု၊ အသက်ဘေးလုံခြုံမှုကို ထိခိုက်ဖျက်ဆီးခြင်းသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း UDHR အပိုဒ် (၅) နှင့် အပိုဒ် (၃) ကို ချိုးဖေါက်သည့်အပြင် ညှဉ်းပမ်းနှိပ်စက်ခြင်းကို ဆန့်ကျင်သော နိုင်ငံတကာစာချုပ် Convention against Torture and Other Cruel, Inhuman or Degrading Treatment or Punishment ၊နှင့် စစ်ပွဲအတွင်း အရပ်သားအခွင့် အရေးကို ကာကွယ်သော Geneva Convention Protocol ကိုလည်း လိုက်နာရန် ပျက်ကွက်နေသောကြောင့် ဤလုပ်ရပ်အား လုံးဝဆန့်ကျင် ကန့်ကွက်သည်။

၆။ ရိုးသားစွာဖြင့် မိမိတို့၏ မိသားစု ဝမ်းရေးအတွက် အသက်မွေးဝမ်းကျောင်းပြုနေသော လက်နက်မဲ့၊ အာဏာမဲ့၊ အပြစ်မဲ့ ပြည်သူလူထုများကို ပစ်မှတ်ထား၍ ယခုကဲ့သို့ ဖမ်းဆီးခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ အိုးအိမ်ပစ္စည်းများ၊ ရွှေ၊ ငွေ လုယက်ခြင်းမှ မပြုလုပ်ရန်နှင့် အစိုးရတပ်မတော်၊ ပြည်သူစစ်တို့၏ လုပ်ရပ်ကြောင့် နစ်နာဆုံးရှုံးနေသော ရွာသူရွာသားများကိုလည်း တရားမျှတမှုရှိစေရန်အတွက် အစိုးရမှ အရေးယူဖြေရှင်းပေးရမည်ဟု ယူဆသည်။

၇။ ထို့ကြောင့် မိမိတို့ အဖွဲ့အစည်းနှစ်ဖွဲ့ အောက်ပါ အချက်အလက်များကို တောင်းဆိုသည်။

မြန်မာပြည်အစိုးရသို့

- ယခု ညှဉ်းပမ်းနှိပ်စက်ခံရသည့် ရွာသူရွာသားများနှင့် အဖမ်းဆီးခံရသည့် ရွာသူရွာသားများအား တရားမျှတမှုရှိစေရန်အတွက် အစိုးရမှ တာဝန်ယူဖြေရှင်းပေးရန်။
- အပြစ်မဲ့ပြည်သူလူထုများကို ခြိမ်းခြောက်ခြင်း၊ မတရားဖမ်းဆီးခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းများ၊ အတင်းအဓမ္မပစ္စည်းများ လုယူခြင်းနှင့် ဖျက်ဆီးခြင်း မပြုလုပ်ရန်။
- တိုင်းရင်းသားဒေသရှိ ကျေးရွာများအတွင်းနှင့် ပတ်ဝန်းကျင်များတွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ကာ မိမိတို့ လမ်းရှင်းလင်းရန်အတွက် အသုံးပြုနေခြင်းများ မပြုလုပ်ရန်။
- စစ်ပွဲအတွင်း စစ် စည်းမျဉ်း၊ စည်းကမ်းများနှင့် နိုင်ငံတကာ စစ်ပွဲဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို
- တသွေမတိမ်း လိုက်နာရန်။
- တိုင်းရင်းသားဒေသတွင် အစိုးရတပ်ရင်းများကို တိုးချဲ့ခြင်းမှ ရပ်တန့်ရန်နှင့် အခြေစိုက်ထားသော အစိုးရတပ်ရင်းများကိုလည်း အမြန်ဆုံး ဆုတ်ခွာပေးရန်။
- တိုင်းရင်းသားဒေသများတွင် မတရား ထိုးစစ်ဆင်နေမှုများကို ခြွင်းချက်မရှိ ရပ်တန့်ရန်။

**တအာင်းအမျိုးသမီးအဖွဲ့အစည်းTWO**

**တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့ - TSYU**

**<u>ဆက်သွယ်ရန်</u>**

**လှိုင်းပိုးညိုဟ်း - +၉၅ ၀၉၇၃၀၆၃၀၁၇**

**မိုင်းဆါည်ရ်က် - +၉၅ ၀၉၂၆၃၀၁၁၀၇၆**